ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

အမိန့်အမှတ်၊ ၅၀/၂၀၂၀

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019- COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန် ရန်ကုန် တိုင်းဒေသကြီးအတွင်းမှ ၁၀ မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ တစ်မြို့နယ် စုစုပေါင်း ၁၁ မြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ယင်းသို့ Stay at Home အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့သည့် ရန်ကုန်တိုင်း ဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် အောက်ပါအခြေအနေများကို တွေ့ရှိရပါသည် -

(က) လွန်ခဲ့သော အနည်းဆုံး ၂၁ ရက်အတွင်း COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ ထပ်မံတွေ့ရှိရမှု မရှိခြင်း၊

(ခ) ဓာတ်ခွဲအတည်ပြုလူနာများမှလည်း လူတစ်ဦးမှတစ်ဦးသို့ အစုလိုက် ကူးစက်ဖြစ်ပွားမှု မရှိခြင်း၊

(ဂ) Stay at Home အစီအစဉ် ဆောင်ရွက်စဉ်ကာလအတွင်း ကျန်းမာရေးအသိပညာ မြှင့်တင်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများက အလေးထား ဆောင်ရွက်ခဲ့ခြင်း၊

(ဃ) ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ဆက်စပ်ခဲ့သူအားလုံးကို ရှာဖွေဖော်ထုတ်၍ ဓာတ်ခွဲ နမူနာရယူပြီး ဓာတ်ခွဲစစ်ဆေးရာတွင်လည်း လွန်ခဲ့သော အနည်းဆုံး ၂၁ ရက်အတွင်း ထပ်မံတွေ့ရှိရမှု မရှိခြင်း၊



Scanned with CamScanner

(င) မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ နိုးနွယ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊

၃။ လက်ရှိအခြေအနေတွင် ရောဂါကူးစက်ပျံ့ပွားမှုနှင့် ကပ်ရောဂါဗေဒဆိုင်ရာ အချက်အလက်များကို သုံးသပ်ကြည့်ရာ ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အောက်ပါမြို့နယ်များသည် အပိုဒ် ၂ ပါ အချက်များနှင့် ကိုက်ညီကြောင်း တွေ့ရှိရသဖြင့် ၁၅-၅-၂၀၂၀ ရက်နေ့ ၀၄:၀၀ နာရီအချိန်မှစတင်၍ ယင်းမြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည် -

(က) ရွှေပြည်သာမြို့နယ်၊

(ခ) လှိုင်သာယာမြို့နယ်၊

(ဂ) မင်္ဂလာဒုံမြို့နယ်၊

(ဃ) ဗိုလ်တထောင်မြို့နယ်၊

(င) ကလေးမြို့နယ်။

MH
14.5.20

(ဒေါက်တာမြင့်ထွေး)

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၁မဆ(ဆ)၂၀၂၀/၈၁၁၅

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ( ၁၄ )ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး



Scanned with CamScanner

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ



Scanned with CamScanner

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်း

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း

ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်။

ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအားလုံး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး/ ကုသရေး

ဦးစီးဌာနမှူးများအားလုံး



Scanned with CamScanner